# အပိုင်း - ၇.၃

# အရပ်ဘက်အဖွဲ့အစည်းများသို့ အကြံပြုချက်များ

## ၁။ ESIA ဆိုင်ရာ ဆွေးနွေးတိုင်ပင်မှုများ၊ လုပ်ငန်းစဉ်များအား တင်ပြရှင်းလင်းမှုများ ပြုလုပ်ရာတွင် တက်ကြွစွာပါဝင်ရန်၊ ESIA တွေ့ရှိချက် အစီရင်ခံစာများအား ခွဲခြမ်းစိတ်ဖြာလေ့လာပြီး အကြံပြုချက်များပေးရန်နှင့် ကုမ္ပဏီများအား တာဝန်ခံမှုရှိစေရန် တွန်းအားပေးရန်။

အစိုးရ၏ လိုအပ်ချက်များနှင့်ကိုက်ညီရန် ရိုးရှင်းစွာရေးသားထားသည့် စာမျက်နှာပေါင်းထောင်ချီသော ESIA အစီရင်ခံစာများကို ရေသားထားသော်လည်း မည်သည့်အခါ မဖတ်ကြခြင်းမှာ အခက်အခဲတစ်ခုဖြစ်ပါသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်မှာ ကုမ္ပဏီများ၏ လုပ်ငန်းလုပ်ဆောင်နေမှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် တာဝန်ခံမှုများ တိုးမြင့်လာစေရေး တိုက်တွန်းဆောင်ရွက်ရန်ဖြစ်သည်။ အရပ်ဖက်လူ့အဖွဲ့အစည်းများအနေဖြင့် ESIAs နှင့် ESMPs များကိုလေ့လာရန် ကျွမ်းကျင်မှုများ လိုအပ်နေသေးသကဲ့သို့ ကုမ္ပဏီများမှ ၎င်းတို့၏ ကတိကဝတ်နှင့်အညီ တာဝန်ခံမှုရှိစွာလုပ်ဆောင်ရန် အစိုးရနှင့် ကုမ္ပဏီတို့နှင့်အချိန်ယူပြီး ချိတ်ဆက်လုပ်ဆောင်ကြရပါမည်။

## ၂။ မြန်မာ့ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ (MEITI) နှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ပြီး ၂၀၁၃ တွင် ချမှတ်ထားသော EITI စံသတ်မှတ်ချက်များ လိုက်ပါဆောင်ရွက်စေရန်အတွက် MEITI အားတိုက်တွန်းရန်။

မြန်မာနိုင်ငံမှ အရပ်ဘက်အဖွဲ့အစည်းများသည် အင်တာနက်နှင့် မိုဘိုင်းဖုန်းဆက်သွယ်ရေး ဆိုင်ရာတွင်ဖြစ်စေ၊ နိုင်ငံတကာ အရေးကိစ္စများနှင့် ချိတ်ဆက်ဆောင်ရွက်သည့် အတွေ့အကြုံအရ ဖြစ်စေအားနည်းနေခြင်း၊ အကန့်အသတ်များရှိနေသော်လည်း MEITI ၏ လုပ်ငန်းစဉ်တွင်ပါဝင် ပတ်သက်ရန်အတွက် တနိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆက်စပ်ဆောင်ရွက်ကြသည်မှာ အားရဖွယ်ဖြစ်သည်။ EITI အဖွဲ့ဝင်လောင်းအဖြစ် လျှောက်ထားခြင်းနှင့် အလုပ်အစီအစဉ်များ ပြီးမြောက်ခြင်းနှင့် အတူပေးထားသော ကတိများအပေါ် အသိအမှတ်ပြုစောင့်ထိန်းရန် ခက်ခဲသောညှိနှိုင်းမှုများဖြင့် ရှေးဆက်ပြီးလုပ်ကိုင်ကြရန် များစွာကျန်နေသေးပြီး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့အခန်းကဏ္ဍာတွင် စီမံအုပ်ချုပ်မှုများတိုးတက်လာရန် အရပ်ဘက်အဖွဲ့အစည်းများ၏ ကြိုးစားအားထုတ်မှုများ၊ ကတိကဝတ်များဆက်လက်ရှိနေရန် လိုအပ်ပါသည်။ ၂၀၁၃ EITI စံသတ်မှတ်ချက်များတွင် အကျိုးစီးပွားပိုင်ဆိုင်မှုထုတ်ဖော်ပြသခြင်းနှင့် စာချုပ်များကို ထုတ်ဖော်ပြသခြင်းကဲ့သို့သော ကိစ္စရပ်များကို အားပေးခြင်းနှင့် အမြင်များကို ထောက်ခံအားပေးခြင်း စသည့်နည်းလမ်းများကို MEITI တွင် ထည့်သွင်းလာနိုင်ပါက အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအား ပိုမိုယုံကြည်မှု ရှိလာနိုင်ပါသည်။

## ၃။ EITI က လုပ်ဆောင်မည်ဟု ရည်ရွယ်သတ်မှတ်ထားချက်များတွင် မပါဝင်သည့် အခြားသယံဇာတ တူးဖော်ထုတ်လုပ်ရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ပါတ်သက်ဆက်နွယ်သူအားလုံး ပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲများကို ဆောင်ရွက်စေရေးအတွက် ကုမ္ပဏီများနှင့်အစိုးရကို အားပေးတိုက်တွန်းရန်။

နိုင်ငံ၏တွင်းထွက်သယံဇာတကဏ္ဍနှင့် ဆက်စပ်သော ပြဿနာများအပေါ် ကုမ္ပဏီများ၊ အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများကြား ချိတ်ဆက်မှုဖြေရှင်းမှုများ အရင်ကမရှိခဲ့သည့်အပေါ် အချို့ CSO များက MEITI ၏ ရည်ရွယ်လုပ်ဆောင်မည့် ရည်ညွှန်းချက်

များကိုချဲ့ထွင်ရန် စိတ်ထက်သန်နေကြသည်။ ၎င်းတို့အနေဖြင့် အခြားလုပ်ငန်းကဏ္ဍများတွင်ဖြစ်နေသည့် ပြဿနာများ အတွက်လည်း အဖြေရှာလိုကြပြီး ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု သာမက လူ့အခွင့်အရေးကိုလေးစားခြင်း၊ သဘာဝပတ်ဝန်းကျင်ကို အလေးထားခြင်းစသည့် ကျယ်ပြန့်သည့် အရေးကိစ္စများနှင့်ပတ်သက်၍ လုပ်ဆောင်လိုကြသည်။ ၂၀၁၃ EITI ပြုပြင်ပြောင်းလဲရေးတွင် ဒေသတွင်းရှိ ပါတ်သက်ဆက်နွယ်သူ အားလုံးပါဝင်သော အစုအဖွဲ့များအနေဖြင့် ဒေသခံပြည်သူများမှ ဦးစားပေးအနေဖြင့် လုပ်စေချင်သည်ကိစ္စရပ်များကို သတ်မှတ်ပေးရန် အားပေးချိန်တွင် မြန်မာနိုင်ငံလို အဖွဲ့ဝင်လောင်းအသစ်အဖြစ် လျှောက်ထားသည့်နိုင်ငံအဖို့ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှရသည့်ဝင်ငွေကို ပွင့်လင်းမြင်သာမှုရှိရှိ ထုတ်ပြန်ရမည့် အရေးမှာ စိန်ခေါ်မှုတစ်ခုအဖြစ် ရှိနေသေးဟန်တူသည်။ အရပ်ဘက်အဖွဲ့အစည်းများက စိုးရိမ်စရာကောင်းသည်ဟု သတ်မှတ်ထားသော အရေးကိစ္စများကို (ထိုကိစ္စများအထဲမှ အများစုကို SWIA တွင် ထည့်သွင်းဖော်ပြထားသည်) ဖြေရှင်းနိုင်ရန်အတွက် ပါတ်သက်ဆက်နွယ်သူ အားလုံးပါဝင်သော အစုအဖွဲ့များမှ ဆွေးနွေးတိုင်ပင်သောပွဲများ လုပ်ဆောင်ရန် လိုအပ်ပါသည်။ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာနအနေဖြင့်လည်း ၎င်းဆက်ဆံဆွေးနွေးပွဲများ ဖြစ်လာစေရန်အတွက် ကူညီရန်အသင့် ရှိပါသည်။

## ၄။ ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍနှင့်ပတ်သက်သည့် သတင်းများကို မီဒီယာများသို့ ပို၍ပေးပို့ရန်။

မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍသည် အရေးကြီးသည့်ကဏ္ဍဖြစ်သည့်အတွက် ကုမ္ပဏီနှင့်အစိုးရပိုင်းက တာဝန်ယူမှု၊ ဤကဏ္ဍတွင်ပွင့်လင်းမြင်သာမှု၊ ဤကဏ္ဍအပေါ်ပြည်သူအများနားလည်မှု စသည့်နေရာများတွင် တိုးတက်လာစေရန်အတွက် ထိုကဏ္ဍရှိ သက်ရောက်မှုရှိသည့် အကြောင်းအရာများကို သတင်းမီဒီယာများသို့ ပေးပို့ခြင်းကို တိုးမြှင့်လုပ်ဆောင်သင့်ပါသည်။